ရွှေပါရမီ

လက်ကမ်းစာစဥ်(၁၈)



# အရှင်ဆန္ဒာဓိက

ရွှေပါရမီတောရ

## အနှိုင်းမဲ့မီး

ဓမ္မစကား၊ နေ့တိုင်းကြားက၊ စိတ်ထားဖွေးလက်၊ သိဉာဏ်ထက်၏။

. . . . . . . . . . . . . . . . သို့

အမှတ်တရဓမ္မဒါန

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။**

---

**အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။**

---

# အရဟံဂုဏ်တော်

အရဟံ၊

ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။

အရဟံ၊

ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို
ပြုတော်မမူသော မြတ်စွာဘုရား။

အရဟံ၊

ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

- - - - - - - - - - - - - - - - - - - - - - - -

စာမူခွင့်ပြုချက် – ၃၂၀၉၅၂၀၅၁၂
မျက်နှာဖုံးခွင့်ပြုချက် – ၃၂၀၈၆၀၅၁၂
မျက်နှာဖုံးပန်းချီ – မြင့်မောင်ကျော်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဦးကြင်ရွှေ(၀၃၁၀၅)၊ မိသားစုပုံနှိပ်တိုက်
အမှတ်၉၀–အေ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။

ထုတ်ဝေသူ

တက်လမ်း ဦးရှိန်ဝင်း(၀၃၉၆၄)၊ ရွှေပါရမီဓမ္မစာပေဖြန့်ချိရေးအဖွဲ့
အမှတ်(၁၉–အေ/၂)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။

**ဓမ္မဒါန**



# အနှိုင်းမဲ့မီး

လောကမှာ ရှိရှိသမျှ မီးအားလုံးထဲမှာ ရာဂမီး၊ သို့မဟုတ် အချစ်မီးဟာ အနှိုင်းမဲ့မီး ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ရာဂမီး၊ အချစ်မီးထက် ပိုပြီး ကိုယ်စိတ်နှစ်ပါးကို ပူလောင်စေပါတယ်၊ ကျွမ်းမြိုက်စေပါတယ်လို့ နှိုင်းယှဉ်စရာ၊ အစားထိုးစရာ၊ ထပ်တူပြုစရာ တခြားမီး မရှိတော့လို့ပါပဲ။

ရာဂမီး၊ အချစ်မီးနဲ့ လဲလှယ်သင့်၊ လဲလှယ်ထိုက်တဲ့ တခြားမီး လောကမှာ မရှိတော့တဲ့အတွက် ရာဂမီး၊ အချစ်မီးဟာ အနှိုင်းမဲ့မီး ဖြစ်ရပါတယ်။

မီးဆိုတာ သူ့ကို ထိတွေ့လာတဲ့ သက်ရှိသက်မဲ့ အရာမှန်သမျှကို ပူလောင်စေတတ်တဲ့သဘော ရှိပါတယ်။ မီးကို ကိုင်တွယ်တဲ့သူတိုင်း၊ မီးကို သိမ်းပိုက်တဲ့သူတိုင်း ပူလောင်တဲ့ ဒုက္ခဝေဒနာကို မလွဲမသွေ ခံစားကြရပါတယ်။ မီးနဲ့ ထိတွေ့လိုက်လို့ အေးမြသွားတယ်၊ ငြိမ်းချမ်းသွားတယ်ဆိုတာ မရှိပါဘူး။

မိမိနဲ့ ထိတွေ့ပတ်သက်လာသူတိုင်းကို ပူလောင်စေတတ်တဲ့ မီးအားလုံးထဲမှာ ရာဂမီး၊ အချစ်မီးဟာ အဆိုးဝါးဆုံးမီး ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ရာဂမီး၊ အချစ်မီးဟာ တခြားမီးတွေလို ကိုယ်ကို တိုက်ရိုက်လောင်တဲ့မီး မဟုတ်ဘဲ စိတ်ကို တိုက်ရိုက်လောင်တဲ့မီး ဖြစ်နေလို့ပါပဲ။

သက်ရှိလောကအနေနဲ့ ပြောရရင် တခြားမီးတွေဟာ ကိုယ်ကိုပဲ တိုက်ရိုက်လောင်ပါတယ်။ ကိုယ်ကို အရင်လောင်ကျွမ်းပြီးမှ စိတ်ကို နာကျင်မှုတွေ၊ မကျေနပ်မှုတွေ ပေးပြီး နှိပ်စက်လောင်ကျွမ်းပါတယ်။

ဒါတောင်မှ ကိုယ့်စိတ်ကို နာကျင်မှုတွေ၊ မကျေနပ်မှုတွေ လုံးဝမဖြစ်တော့အောင် ဆောက်တည်ထားပြီး

တဲ့ပုဂ္ဂိုလ်တွေကိုတော့ ကိုယ်ကို တိုက်ရိုက်လောင်တဲ့ အဲဒီ ပြင်ပမီးတွေက စိတ်ကို လောင်မြိုက်အောင် ဘာမှမတတ်နိုင်ကြပါဘူး။

ရာဂမီး၊ အချစ်မီးကတော့ ရာဂမကင်းသေးတဲ့ သက်ရှိသတ္တဝါတိုင်းရဲ့ စိတ်ကို တိုက်ရိုက်လောင်ကျွမ်းပါတယ်။ စိတ်ကို အရင်လောင်ကျွမ်းပြီးမှ စိတ်ကြောင့်ဖြစ်တဲ့၊ စိတ်နဲ့ ဆက်စပ်နေတဲ့ ကိုယ်ကို ညှိုးနွမ်းမှုတွေ၊ ဖောက်ပြန်မှုတွေပေးပြီး နှိပ်စက်လောင်ကျွမ်းပါတယ်။

ကိုယ်ကိုလောင်တဲ့ တခြားမီးတွေက လောင်ကျွမ်းရာ ကိုယ်တိုင်းကို ပူလောင်စေနိုင်ပေမယ့် စိတ်တိုင်းကို မပူလောင်စေနိုင်ပါဘူး။ ကိုယ်ပူတိုင်း စိတ်မပူပါဘူး။ စိတ်ကိုလောင်တဲ့ ရာဂမီး၊ အချစ်မီးကတော့ လောင်ကျွမ်းရာ စိတ်တိုင်းကို ပူလောင်စေနိုင်သလို အဲဒီစိတ်ပိုင်ရှင်ရဲ့ ကိုယ်တိုင်းကိုလည်း ပူလောင်စေနိုင်ပါတယ်။ စိတ်ပူတိုင်း ကိုယ်ပူပါတယ်။

စိတ်ပူသလို ကိုယ်ပူတယ်ဆိုတာက သူ့အသားအရေကို သွားစမ်းကြည့်ရင် ပူတာကိုသာ ဆိုလိုတာ မဟုတ်

ပါဘူး။ ရုပ်လက္ခဏာ ညှိုးနွမ်းနေတာ၊ တစ်နည်းနည်း တစ်ဖုံဖုံအားဖြင့် ရုပ်ခန္ဓာဖောက်ပြန်နေတာကို ဆိုလိုတာပါ။ စိတ်ကိုလည်း အပူနဲ့ နှိပ်စက်၊ ကိုယ်ကိုလည်း အပူနဲ့ နှိပ်စက်တဲ့အတွက် ရာဂမီး၊ အချစ်မီးဟာ အနှိုင်းမဲ့မီး ဖြစ်ရပါတယ်။

အပြင်မှာ လောင်တဲ့မီး၊ အပြင်မီးတွေက မီးခိုးလည်း မြင်တွေ့ရ၊ မီးတောက်လည်း မြင်တွေ့ရ၊ မီးခဲလည်း မြင်တွေ့ရတဲ့အတွက်ကြောင့် ကိုယ့်ကို မလောင်ကျွမ်းအောင် ရှောင်တိမ်းလို့ ရပါတယ်။ အတွင်းမှာ လောင်တဲ့မီး၊ အတွင်းမီးဖြစ်တဲ့ ရာဂမီး၊ အချစ်မီးကတော့ မီးခိုးလည်း မမြင်တွေ့ရ၊ မီးတောက်လည်း မမြင်တွေ့ရ၊ မီးခဲလည်း မမြင်တွေ့ရတဲ့အတွက်ကြောင့် ကိုယ့်ကို မလောင်ကျွမ်းအောင် ရှောင်တိမ်းလို့ မရပါဘူး။

မြင်ကတည်းက ရင်ထဲမှာ ချစ်သွားတော့မယ်ဆိုတာ သိလိုက်လို့ မချစ်မိအောင် အမျိုးမျိုးရှောင်တိမ်းပေမယ့် ဘယ်လိုမှ ရှောင်တိမ်းလို့မရဘဲ မချစ်ချစ်ဖြစ်အောင် ချစ်မိသွားတာဟာ ရာဂမီး၊ အချစ်မီးရဲ့ ကိုယ်ပိုင် လျှို့ဝှက်

စွမ်းအင်ပါပဲ။

မီးခိုး၊ မီးတောက်၊ မီးခဲတွေ မမြင်ရပေမယ့် နှလုံးသားတွေ တစ်စစီ ကြွေမွပြီး ပြာကျသွားလောက်အောင် လောင်မြိုက်နိုင်စွမ်းရှိတဲ့ ရာဂဆိုတဲ့ အတွင်းမီး၊ အချစ်ဆိုတဲ့ အတွင်းမီးဟာ ရှောင်တိမ်းဖို့ အင်မတန် ခက်ခဲလွန်းတဲ့အတွက်ကြောင့်လည်း အနှိုင်းမဲ့မီး ဖြစ်ရပါတယ်။

အပြင်မီးတွေက မလောင်ကျွမ်းအောင်၊ လောင်ကျွမ်းနေရင်လည်း မကူးစက်အောင် လောင်စာတွေကို ဖယ်ရှားရှင်းလင်းပစ်ဖို့ လွယ်ကူပါတယ်။ ရာဂဆိုတဲ့ အတွင်းမီး၊ အချစ်ဆိုတဲ့ အတွင်းမီးကတော့ မလောင်ကျွမ်း မကူးစက်အောင် လောင်စာတွေကို ဖယ်ရှားရှင်းလင်းပစ်ဖို့ မလွယ်ကူပါဘူး။ ဘာလို့လဲဆိုတော့ ရာဂမီး၊ အချစ်မီးရဲ့ လောင်စာက စိတ်ဖြစ်နေလို့ပါပဲ။

အသက်ထင်ရှားရှိနေသမျှ စိတ်ကလည်း ထင်ရှားရှိနေမှာမို့ အချိန်မရွေး လောင်စာရနေတဲ့၊ အမြဲတမ်းလောင်စာရနေတဲ့ ရာဂမီး၊ အချစ်မီးဟာ အနှိုင်းမဲ့မီး ဖြစ်ရပါတယ်။ ဒီတစ်ဘဝမှာသာ လောင်စာ အမြဲရနေတာ

မဟုတ်ပါဘူး။ သံသရာခရီး မဆုံးမချင်း လောင်စာ အမြဲ ရနေတာပါ။

ရာဂဆိုတာ စွဲတဲ့သဘောကို ခေါ်တာပါ။ အဝတ်ဖြူလေးတစ်ခုပေါ်မှာ ဆေးရောင်တစ်ခု ဆိုးလိုက်မယ်ဆိုရင် ဆိုးလိုက်တဲ့ဆေးရောင်လေး အဲဒီအဝတ်ဖြူပေါ်မှာ စွဲကျန်ရစ်ခဲ့ပါတယ်။ အဝါရောင်ဆိုးရင် အဝါရောင် စွဲကျန်ရစ်မယ်၊ အနီရောင်ဆိုးရင် အနီရောင်စွဲကျန်ရစ်မယ်၊ အဲဒီလို စွန်းထင်းပေကျံပြီး စွဲကျန်ရစ်တဲ့သဘောကို ရာဂလို့ ခေါ်ပါတယ်။

တစ်စုံတစ်ယောက်, တစ်စုံတစ်ခု၊ ဒါမှမဟုတ် တစ်စုံတစ်ယောက်, တစ်စုံတစ်ခုထက်များတဲ့ သက်ရှိပုဂ္ဂိုလ်, သက်မဲ့အရာဝတ္ထုတွေရဲ့အပေါ်မှာ မိမိရဲ့ စိတ်ကလေး စွန်းထင်းစွဲကပ်နေတဲ့သဘောကို ရာဂ လို့ခေါ်ပါတယ်။ ဒါကိုပဲ လွယ်ကူအောင် စွဲလမ်းခြင်း၊ တပ်မက်ခြင်း၊ ငြိကပ်ခြင်းလို့ သုံးနှုန်းကြပါတယ်။

အလွယ်ကူဆုံးပြောရရင် အာရုံပေါ်မှာ စိတ်စွဲနေခြင်းသဘော၊ စိတ်ပေါ်မှာ အာရုံစွဲနေခြင်းသဘောကို

ရာဂလို့ခေါ်ပါတယ်။ ရာဂဆိုတာ အဝတ်ဖြူပေါ်ဆိုးတဲ့ ဆေးရောင်နဲ့ တူတယ်လို့သာ မှတ်ထားလိုက်ရင် သဘော ပေါက်ဖို့ မခက်ပါဘူး။

သံယောဇဉ်တို့၊ အနှောင်အဖွဲ့တို့ ဆိုတာကိုလည်း ရာဂစာရင်းထဲမှာပဲ ထည့်သွင်းရပါတယ်။ ဘာလို့လဲဆို တော့ သံယောဇဉ် ကြီးရင် ကြီးသလောက်၊ အနှောင်အဖွဲ့ တင်းရင် တင်းသလောက် ပူလောင်လို့ပါပဲ။

ရာဂဆိုတာ ဖိုမကိစ္စ ဆောင်ရွက်တဲ့အခိုက်မှာ ဖြစ်နေတဲ့ သဘောတစ်မျိုးတည်းကိုသာ ဆိုလိုတာမဟုတ် ပါဘူး။ အာရုံရဲ့ အရသာခံစားမှုကို သာယာငြိကပ်တဲ့စိတ် နဲ့ ချစ်ခင်နေတာ မှန်သမျှ၊ စွဲလမ်းနေတာ မှန်သမျှ၊ သံ ယောဇဉ် မှန်သမျှ၊ အနှောင်အဖွဲ့ မှန်သမျှကို ရာဂလို့ဆို လိုပါတယ်။

အတိုချုပ်ကတော့ ချစ်စရာလို့ မိမိထင်မြင်ယူဆ နေတဲ့ သက်ရှိသက်မဲ့အရာမှန်သမျှကို ချစ်နေတဲ့ သဘော အားလုံးဟာ ရာဂပါပဲ။ သူ့အကျိုးလိုလားတဲ့ မေတ္တာချစ်နဲ့ ချစ်တာမဟုတ်ဘဲ ကိုယ့်အကျိုး လိုလားတဲ့ တဏှာချစ်နဲ့

ချစ်တာမှန်သမျှ ရာဂတွေချည်းပါ။

လောကမှာ လက်ရှိ အထင်အရှား သုံးနှုန်းနေတဲ့ စကား(လောကဝေါဟာရစကား၊ အထင်ရှဋ္ဌိစကား) နဲ့ ပြောရရင်တော့ ရာဂ ဆိုတာ အချစ်ပါ၊ ရာဂမီးဆိုတာ အချစ်မီးပါ။

"အချစ်ဟာ ... မီးလား" လို့ ရပ်ကွက်ထဲမှာ ကလေးတွေ အော်ဆိုနေသံ ကြားဖူးပါတယ်။ သံသယ အတွေးနဲ့ ဘာမှ စဉ်းစားမနေပါနဲ့။ အချစ်ဟာ မီးပါ။ မီးတောင်မှ ရိုးရိုးသာမန်မီး မဟုတ်ပါဘူး။ တစ်လောက လုံးမှာ ရှိရှိသမျှ မီးအားလုံးထဲမှာ အပူဆုံးမီး၊ အနိုင်းမဲ့မီးပါ။ အချစ်ထက်ပူတဲ့မီး လောကမှာ မရှိတော့ပါဘူး။

တစ်စုံတစ်ယောက်၊ သို့မဟုတ် တစ်စုံတစ်ခု အပေါ်မှာ စွဲစွဲလမ်းလမ်း ချစ်နေပြီ၊ စွဲစွဲလမ်းလမ်း ငြိကပ် တပ်မက်နေပြီဆိုရင် မရခင်မှာလည်း မျှော်လင့်တမ်းတ ခြင်းတွေနဲ့ ပူလောင်ရပါတယ်။ ရနေဆဲအချိန်တွေမှာ လည်း သာယာယစ်မူးခြင်းတွေနဲ့ ပူလောင်ရပါတယ်။ ရပြီး လို့ ပျောက်ကွယ်ပျက်စီးသွားတဲ့အခါမှာလည်း ဆွေးမြေ့

ကြေကွဲခြင်းတွေနဲ့ ပူလောင်ရပါတယ်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ ကာလသုံးပါးလုံးမှာ လောင်တဲ့မီးဟာ ရာဂမီး ပါပဲ။

တစ်ခါတုန်းက ပိုက်ကွန်တစ်ခုမှာ မိလာတဲ့ ငါး ကြီးတစ်ကောင်ကို တံငါသည်တွေက ချက်ချင်းသတ်မပစ် သေးဘဲ မီးကင်စားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သဲသောင် ပြင်ပေါ်မှာ ချထားလိုက်ပါတယ်။

ငါးကြီးကို မီးကင်စားဖို့အတွက် မီးမွှေးတဲ့သူက မွှေး၊ ငါးထိုးဖို့ တံစူးဝါးချွန်တဲ့သူက ချွန်နေကြပါတယ်။ အဲဒီအချိန်မှာ ငါးကြီးက သည်းထန်စွာ ငိုကြွေးပြီးတော့ တံငါသည်တွေကို တောင်းပန်စကား ပြောကြားပါတယ်။

"အို . . . တံငါသည်အပေါင်းတို့ . . .၊ သင်တို့ အခု မွှေးနေတဲ့မီးကလည်း ကျွန်ုပ်ရဲ့ စိတ်ကို မပူလောင်စေ နိုင်ပါဘူး။ သင်တို့ အခုချွန်နေတဲ့ တံစူးဝါးကလည်း ကျွန်ုပ်ရဲ့ စိတ်ကို မပူလောင်စေနိုင်ပါဘူး"

"ကျွန်ုပ်ရဲ့စိတ်ကို အကြီးအကျယ် ပူလောင်စေနိုင် တာကတော့ ကျွန်ုပ် သိပ်ချစ်ရတဲ့ ကျွန်ုပ်ရဲ့ ချစ်ဇနီး ငါးမ

လေးပါပဲ”

“အခုချိန်လောက်ဆိုရင် ကျွန်ုပ်ချစ်မယား မရွှေငါးဟာ ကျွန်ုပ်ကို မမြင်ရ၊ မတွေ့ရတဲ့အတွက်ကြောင့် တခြားငါးမတစ်ကောင်ရဲ့ နောက်ကို ကျွန်ုပ်လိုက်သွားပြီလို့ အထင်လွဲနေတော့မှာ သေချာပါတယ်။ တကယ်ဆို ကျွန်ုပ်အချစ်ဆုံးသူဟာ ကျွန်ုပ်ရဲ့ ချစ်ဇနီး ငါးမလေးပါ။ သူမကလွဲရင် ဘယ်ငါးမကိုမှ ကျွန်ုပ် မချစ်ခဲ့ပါဘူးဗျာ”

“အခုတော့ သင်တံငါသည်တို့ကြောင့် ကျွန်ုပ်ကို နောက်မီးလင်းနေပြီ လို့ အချစ်ဆုံးမေ ငါးလေးရွှေက အထင်လွဲနေလောက်ပါပြီ။ အချစ်ဆုံးထွေး ငါးမေလေးရဲ့ အဲဒီ အထင်လွဲမှုက ကျွန်ုပ်ရဲ့စိတ်၊ ကျွန်ုပ်ရဲ့ နှလုံးသားကို တစစ်စစ်နာပြီး တရစ်ရစ်ကြွေအောင် အသည်းအသန် အပူအပြင်း လောင်မြိုက်နေပါပြီ”

“တံငါသည်အပေါင်းတို့ရယ် . . . လောကမှာ ရာဂမီး၊ အချစ်မီးထက် ပိုပြီး ပူလောင်တဲ့မီး မရှိတော့ပါဘူးဗျာ။ တစ်လောကလုံးမှာ ရာဂမီး၊ အချစ်မီးဟာ အပူလောင်ဆုံးမီးပါပဲ”

---

“သူ့ထက် ပိုပူပါတယ်လို့ နှိုင်းယှဉ်စရာ မရှိတဲ့ အတွက် အနိုင်းမဲ့မီးလို့ ခေါ်ရတဲ့ ရာဂမီး၊ အချစ်မီးဟာ အခုအချိန်မှာ ကျွန်ုပ်ရဲ့ နှလုံးသားကို အပြင်းအထန် လောင်မြိုက်လို့နေပါပြီ။ အနိုင်းမဲ့မီးရဲ့ လောင်မြိုက်မှုဒဏ်ကို အသေအလဲ ခံစားနေရတဲ့ သနားစရာ သတ္တဝါလေး ကျွန်ုပ်ကို သင်တံငါသည်တို့ မသတ်သင့်ပါဘူး။ ကျွန်ုပ်ကို လွှတ်ပေးကြပါနော်”

လို့ ငါးကြီးက သနားစဖွယ် ငိုယိုတောင်းပန်ရှာ ပါတယ်။ ဒါပေမဲ့ တံငါသည်တွေကတော့ ငါးကြီးရဲ့ စကား သံကို ကြားလည်းမကြား၊ နားလည်း နားမလည်တဲ့အတွက် ကြောင့် မီးမွှေးမြဲ မွှေးနေကြပါတယ်။ တံစူးချွန်မြဲ ချွန်နေ ကြပါတယ်။

အဲဒီအချိန်မှာ တိရစ္ဆာန်တွေရဲ့ စကားသံကို သိ နားလည်တဲ့ ဘုရားလောင်း ပုရောဟိတ်ပုဏ္ဏားက သဲ သောင်ပြင်ဘက် လမ်းလျှောက်ထွက်လာရင်းနဲ့ ငါးကြီး ငိုကြွေးတောင်းပန်နေတဲ့အသံကို ကြားတဲ့အတွက်ကြောင့် တံငါသည်တွေဆီမှာ အဲဒီငါးကြီးကို အလှူခံပြီး ရေထဲပြန်

လွှတ်ပေးလိုက်လို့ အချစ်ကြီးတဲ့ ကိုရွှေငါးကြီးခမျာ အသက်ချမ်းသာရာ ရသွားခဲ့ပါတယ်။

သေကံမရောက်သေးလို့ အသက်မပျောက်ခဲ့တဲ့ ငါးကြီးရဲ့ အဖြစ်အပျက်ကို ကြည့်ပြီး "အချစ်က အရာရာကို ပြီးစီးစေနိုင်တယ်၊ အချစ်က အရာရာကို အကောင်းအတိုင်း ဖြစ်စေနိုင်တယ်။ အချစ်မှာ အနန္တတန်ခိုးစွမ်းအင်တွေရှိတယ်" လို့တော့ တလွဲဆံပင်ကောင်း အချစ်ဒဿနတွေ ခပ်ကြောင်ကြောင် သွားမထုတ်လိုက်နဲ့ဦးနော်။

အချစ်ဆိုတာ ရာဂ၊ ရာဂ ဆိုတာ ကိလေသာ၊ ကိလေသာဆိုတာ အကုသိုလ်၊ အကုသိုလ်ဆိုတာ ဆိုးကျိုးကို ဖန်တီးပေးတဲ့အရာ၊ ဒီတော့ အချစ်ကြောင့် ကံကောင်းခြင်းလက်ဆောင်တွေ ရလိမ့်မယ်လို့ ဘယ်လိုနည်းနဲ့မှ မမျှော်လင့်ပါနဲ့။ အချစ်ကြောင့် ပူလောင်ခြင်းလက်ဆောင်တွေသာ တစ်ပွေ့တစ်ပိုက်ကြီး ရနိုင်တယ်ဆိုတာ သစ္စာတရားတစ်ခုအဖြစ် အရိုးစွဲအောင် မှတ်သားထားလိုက်ကြပါတော့။

"ပိယတော ဇာယတီ သောကော၊ ပိယတော

ဇာယတီ ဘယံ = အချစ်ကြောင့် ပူလောင်သောက ဖြစ်၏၊ အချစ်ကြောင့် ဘေးရန်ဒုက္ခဖြစ်၏" ဆိုတာ မြတ်ဗုဒ္ဓရဲ့ အမှန်ကန်ဆုံး အချစ်ဒဿနပါပဲ။

ကိုယ့်ကို ချွန်ထက်တဲ့ တံစူးဝါးနဲ့ ထိုးပြီး ရဲရဲ တောက်နေတဲ့ မီးလျှံထဲမှာ အကင်ခံရမယ့် ဒုက္ခကိုတော့ မကြောက်ဘဲနဲ့ မိမိရဲ့ ချစ်ဇနီး ငါးမလေးရဲ့ အထင်လွဲခံ ရမှာကို ကြောက်နေတာဟာ ရာဂဆိုတဲ့ အနှိုင်းမဲ့မီး၊ အချစ် ဆိုတဲ့ အနှိုင်းမဲ့မီးရဲ့ လောင်မြိုက်ဝါးမျိုမှုကြောင့်ပါပဲ။

မီးခိုးလည်း မမြင်ရ၊ မီးတောက်လည်း မမြင်ရ၊ မီးခဲလည်း မမြင်ရဘဲနဲ့ ပြာကျအောင် လောင်တတ်တဲ့မီး ဟာ ရာဂမီးပါ၊ အချစ်မီးပါ။

အချစ်ဆိုတာ အပူလောင်ဆုံး အနှိုင်းမဲ့မီး လို့ ဘယ်လိုပဲ ပြောပြော၊ ပုထုဇဉ်နယ်ပယ်မှာတော့ အချစ်ဟာ ဟင်းတိုင်းမှာပါတဲ့ဆားလို မရှိမဖြစ် ဖြစ်နေပါတယ်။ ငရုပ် သီးထဲကပိုးဟာ အပူကို လုံးဝ မကြောက်တော့သလို အပူ ကြိုက်လွန်းလို့ အပူပြီးနေတဲ့ ပုထုဇဉ်အများစုဟာလည်း အချစ်ကို ပူလောင်တယ်လို့တောင် မထင်ကြတော့ပါဘူး။

ပိုးဖလံမျိုးမို့ မီးတိုးနေတာပါလို့ ဆင်ခြေပေးနေပြန်တော့လည်း ဘာများတတ်နိုင်ဦးမှာတဲ့လဲ။

မရှိမဖြစ်ဆားဆိုပေမယ့် သွေးတိုးရောဂါရှိတဲ့သူကတော့ ဆားကို မရှောင်မဖြစ် ရှောင်ဖို့ လိုအပ်သလို အဆင့်အတန်းမြင့်တဲ့ သမထ၊ ဝိပဿနာ၊ တရားချမ်းသာကို ခံစားချင်တဲ့သူဟာလည်း အချစ်ကို ဝေးဝေးရှောင်ဖို့ လိုအပ်ပါတယ်။ တရားအလုပ်ခွင်မှာတော့ အချစ်ကို ကာမစ္ဆန္ဒနီဝရဏ လို့ခေါ်ပါတယ်။ သူက တိုးပွားအောင်လုပ်ရမယ့်အရာ မဟုတ်ပါဘူး။ ချုပ်ငြိမ်းအောင် ပယ်ရမယ့်အရာပါ။

မဖြစ်ပေါ်သေးတဲ့ အချစ်စိတ်တွေ ဖြစ်ပေါ်လာစေနိုင်တဲ့၊ ဖြစ်ပေါ်ပြီးသား အချစ်စိတ်တွေ တိုးပွားလာစေနိုင်တဲ့ အကြောင်းတရား နှစ်ပါးရှိပါတယ်။ သုဘနိမိတ်နဲ့ အယောနိသောမနသိကာရတို့ပါပဲ။

သုဘနိမိတ်ဆိုတာက မြင်ကြားတွေ့သိရတဲ့အာရုံကို တင့်တယ်တယ်၊ ကောင်းတယ်၊ ချစ်စရာလေးလို့ထင်မြင်ယူဆ မှတ်သားမှုပါပဲ။ ချစ်စရာလို့ ထင်နေမှတော့

"ချစ်စရာမို့ ချစ်ပါတယ်" ဆိုပြီး ချစ်သွားတော့မှာပဲပေ့ါ။

အယောနိသောမနသိကာရ ဆိုတာကတော့ မြင်ကြားတွေ့သိရတဲ့ အာရုံကို မှားမှားယွင်းယွင်း နှလုံးသွင်းမှုပါပဲ။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမလို့ နှလုံးသွင်းတာ၊ မြဲတယ်၊ ကောင်းတယ်၊ ပိုင်တယ် လို့ နှလုံးသွင်းတာဟာ မှားယွင်းတဲ့ နှလုံးသွင်းမှုပါ။

အချစ်မီး တောက်လောင်ခြင်းရဲ့ အကြောင်းကို သိပြီဆိုရင် အချစ်မီး ငြိမ်းအေးခြင်းရဲ့ အကြောင်းလည်း သိလောက်ပါပြီ။ အသုဘနိမိတ်နဲ့ ယောနိသောမနသိကာရဟာ မဖြစ်ပေါ်သေးတဲ့ အချစ်မီး မဖြစ်ပေါ်ဖို့၊ ဖြစ်ပေါ်ပြီးသား အချစ်မီး ငြိမ်းအေးဖို့အတွက် အကြောင်းတရားနှစ်ပါးပါပဲ။

မြင်ကြားတွေ့သိရတဲ့အာရုံရဲ့ မတင့်တယ်တဲ့ သဘော (အသုဘသဘော)ကို ထွင်းဖောက်ဆင်ခြင်နိုင်မယ်ဆိုရင် အချစ်မီးရဲ့ လောင်မြိုက်မှုကို ခံရမှာ မဟုတ်တော့ပါဘူး။ များများ မဆင်ခြင်နိုင်ရင်နေပါ။ "သူ လေလည်ရင်(သူ့ . . . ရင်) နံမှာပဲ" ဆိုတာလေး တစ်ခုတည်း

ကို မကြာခဏ ဆင်ခြင်မယ်ဆိုရင်ပဲ အသုဘသဘော ပေါ်လောကြီး ပေါ်လာပါလိမ့်မယ်။ အသုဘဆိုတဲ့ အပြစ်မြင်မှတော့ အချစ်ဝင်နိုင်ပါဦးတော့မလား။ အပြစ်မမြင်လို့ အချစ်ဝင်တာပါ၊ အပြစ်မြင်ရင် အချစ်မဝင်နိုင်တော့ပါဘူး။

မြင်ကြားတွေ့သိရတဲ့ အာရုံရဲ့ တကယ့်အရှိသဘောကို မှန်မှန်ကန်ကန် နှလုံးသွင်းခြင်းဆိုတဲ့ ယောနိသော မနသိကာရ ဖြစ်ဖို့အတွက်ကတော့ သတိပဋ္ဌာန်တရား ပွားများအားထုတ်ရမှာပါ။ အချစ်မီးဆိုတာ ထိုင်ချိန်မှာသာ တောက်လောက်နေတာ မဟုတ်တဲ့အတွက် အချစ်စိတ်ဖြစ်ပေါ်နေတဲ့အချိန်တိုင်း ဘယ်နေရာပဲရောက်နေ ရောက်နေ၊ ဘာအလုပ်ပဲ လုပ်နေ လုပ်နေ တောက်လောင်လာတဲ့ အချစ်မီးကို သတိပဋ္ဌာန်ရေစင်နဲ့ သွန်းဖျန်းငြိမ်းသတ်ရပါမယ်။

မြင်-မြင်တယ်၊ ကြား-ကြားတယ်လို့ ရှုမှတ်မယ်၊ ချစ်-ချစ်တယ်၊ စွဲ-စွဲတယ်၊ ငြိ-ငြိတယ်၊ ကြွေ-ကြွေတယ်လို့ ရှုမှတ်မယ်ဆိုရင် အာရုံအပေါ် မှန်မှန်ကန်ကန်နှလုံးသွင်းမှု

ယောနိသော မနသိကာရ ဖြစ်ပါတယ်။ သတိ၊ သမာဓိ၊ ဉာဏ်၊ အားကောင်းရင် အားကောင်းသလို အာရုံနဲ့ စိတ်ရဲ့ ကိုယ်ပိုင်သီးခြားသဘော၊ ဖြစ်ပျက်၊ မမြဲ၊ မကောင်း၊ မပိုင် ဆိုတဲ့ အများဆိုင်သဘောတွေကို သိမြင်လာပါလိမ့်မယ်။

သတိပဋ္ဌာန်ရေစင် သွန်းဖျန်းခံရတဲ့ အာရုံနဲ့ စိတ်မှာ . . . ရာဂမီး၊ အချစ်မီး တောက်လောင်လာနိုင်စရာ အကြောင်း မရှိတော့ပါဘူး။ ပူလောင်တဲ့မီးကို ကြားခံစက် ခလုတ်ရဲ့ အကူအညီနဲ့ အအေးဓာတ် ဖန်တီးပြီး ရေခဲ သေတ္တာတို့ လေအေးပေးစက်တို့ ပြုလုပ်ကြသလို ပူလောင် တဲ့ ရာဂမီး၊ အချစ်မီးကိုလည်း သမထ၊ ဝိပဿနာဆိုတဲ့ ကြားခံ ဘာဝနာခလုတ် အကူအညီနဲ့ ဝိပဿနာဉာဏ် ဓာတ် ဖန်တီးပြီး မဂ်ဖိုလ်တို့၊ နိဗ္ဗာန်တို့ ရယူနိုင်ပါတယ်။

ရာဂအချစ် အပူဓာတ်ကို ဓမ္မအနှစ် အအေး ဓာတ်အဖြစ် အသွင်ပြောင်း ထုတ်လုပ်နိုင်တာဟာ သတိ ပဋ္ဌာန်စက်ခလုတ်ပါပဲ။


"သစ်ပင်မှာ အမြစ်၊ လူမှာအချစ်" လို့ပြောလေ့ရှိ ကြပါတယ်။ သစ်ပင်တစ်ပင်ဟာ အမြစ်ရှင်သန် ခိုင်မြဲနေ

သမ္မာ မြေကြီးထဲက ရုန်းထွက်လို့မရသလို လူဟာလည်း အချစ်ရှင်သန်ခိုင်မြဲနေသမျှ မီးဟုန်းဟုန်းတောက်နေတဲ့ သံသရာထဲက ဘယ်တော့မှ ရုန်းထွက်လွတ်မြောက်ခွင့် ရမှာ မဟုတ်ပါဘူး။

တစ်လောကလုံးရဲ့ အနှိုင်းမဲ့ကျေးဇူးရှင်ဖြစ်တဲ့ မြတ်စွာဘုရားရှင်က ရာဂမီး၊ အချစ်မီးဟာ အနှိုင်းမဲ့မီး ဖြစ်တယ်လို့ "နတ္ထိ ရာဂသမော အဂ္ဂိ" ဆိုတဲ့ စကားတော်နဲ့ ဟောကြားညွှန်ပြထားတာမို့ လူသားတိုင်း လူသားတိုင်း ရာဂမီး၊ အချစ်မီးဆိုတဲ့ အနှိုင်းမဲ့မီးကို အကြွင်းမဲ့ ငြိမ်းအေး အောင် ငြိမ်းသတ်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်း လိုက်ပါတယ်။ ။

**■ အပ္ပမာဒေန သမ္ပာဒေထ။**

[အပ္ပမာဒမဂ္ဂဇင်း၊ မေလ၊ ၂၀၀၀]



# အချစ်ကံခေပေမယ့်
# အနှစ်ကျန်စေရမယ်

အရှင်ဘုရား . . .

နားနဲ့မနာ ဖဝါးနဲ့ နာတော်မူပါဘုရား၊ တပည့်တော်မဟာ သစ္စာမဲ့တဲ့ လင်ယောကျ်ားကြောင့် အကြီးအကျယ် စိတ်သောကရောက်နေရပါတယ်ဘုရား၊ စိတ်ချမ်းသာအောင် တရားဓမ္မနဲ့ ဘယ်လိုနှလုံးသွင်းပြီး ဘယ်လိုဖြေသိမ့်ရမယ်ဆိုတာ သနားကရုဏာ ရှေ့ထားပြီး မိန့်ကြားပေးတော်မူပါဘုရား။

**မမိုးသက်လှိုင်၊ ရန်ကင်းမြို့နယ်။**

မမိုးသက်လှိုင်ရေ . . .

မမိုးသက်လှိုင်ရဲ့ မေးခွန်းကို ဖတ်လိုက်ရတယ်

ဆိုရင်ပဲ အခုတလော နာမည်ကြီးနေတဲ့ နိုင်ငံကျော် မင်းသမီးတစ်ဦးရဲ့ အိမ်ထောင်လမ်းခွဲသတင်းကို ချက်ချင်းသတိရလိုက်မိပါတယ်။ 'တစ်ဦးတစ်ယောက်ရဲ့ အချစ်ကိုရယူဖို့ မကြိုးစားတော့ဘဲ ပရိသတ်ရဲ့ အချစ်ကို ထာဝရရယူနိုင်ဖို့ပဲ ကြိုးစားသွားပါတော့မယ်' လို့လည်း အင်တာဗျူးတစ်ခုမှာ သူမက ရင်ဖွင့်ထားသေးတယ်လေ။

ဟုတ်ပါတယ်။ တစ်ဦးတစ်ယောက်ရဲ့ အချစ်ဆိုတာက တဏှာဓာတ်တွေ လွှမ်းခြုံနေပြီး ပရိသတ်ရဲ့ အချစ်ကတော့ မေတ္တာဓာတ်တွေ မွှမ်းထုံနေပါတယ်။ တဏှာချစ်ကို တောင့်တရင် တောင့်တနေချိန်မှာလည်း တဏှာစိတ်နဲ့ပူလောင်ရသလို ရရှိလာချိန်မှာလည်း သံယောဇဉ် မီးတွေနဲ့ ကျွမ်းမြိုက်ရပါတယ်။ မေတ္တာချစ်ကို မျှော်လင့်ရင်တော့ မျှော်လင့်နေချိန်မှာလည်း မေတ္တာစိတ်နဲ့ အေးမြရသလို ရရှိလာချိန်မှာလည်း မေတ္တာရောင်ပြန်တွေနဲ့ ချမ်းမြေ့ရပါတယ်။ (တဏှာချစ်နဲ့တော့ စိတ်နှလုံး အပူလောင် မခံချင်ပါနဲ့တော့ ရွှေမင်းသမီးရေ . . . . ။)

ဗုဒ္ဓဘာသာဝင်တွေရဲ့ အခြေခံအကျဆုံး ယုံကြည်

ချက်ကတော့ ကံနဲ့ကံရဲ့ အကျိုးတရားပါပဲ။

'ကောင်းတာ လုပ်ခဲ့ရင် ကောင်းကျိုးရမယ်၊ မကောင်းတာ လုပ်ခဲ့ရင် မကောင်းကျိုးရမယ်၊ အချိုစေ့စိုက်ခဲ့ရင် အချိုပင်ပေါက်ပြီး အချိုသီး စားရမယ်၊ အခါးစေ့စိုက်ခဲ့ရင် အခါးပင် ပေါက်ပြီး အခါးသီးစားရမယ်၊ ကိုယ်စိုက်တဲ့ မျိုးစေ့နဲ့ ထိုက်တန်တဲ့အပင် ပေါက်ပြီး အဲဒီအပင်နဲ့ လိုက်ဖက်တဲ့ အသီးကိုပဲ ကိုယ်စားရမယ်၊ ကိုယ်လုပ်ခဲ့တဲ့ အလုပ်နဲ့ သက်ဆိုင်တဲ့ အကျိုးတရားကို ကိုယ်ပဲ ခံစားရမယ်၊ အလုပ်ဆိုတာ ကံ၊ ကံဆိုတာ အလုပ်၊ ကိုယ့်ကံက ကိုယ့်ဘဝကို စီမံတယ်၊ ကိုယ့်ဘဝရဲ့ ဖန်ဆင်းရှင်ဟာ ကိုယ်လုပ်ခဲ့တဲ့ကံတရား'

အဲဒီလို နားလည်လက်ခံ ယုံကြည်ထားကြပါတယ်။

အချစ်ရေး၊ အိမ်ထောင်ရေးမှာ အကျိုးပေး မကောင်းတာဟာ အချစ်ရေး၊ အိမ်ထောင်ရေးနဲ့ ပတ်သက်တဲ့ မကောင်းကံတွေ အတိတ်က ပြုလုပ်ခဲ့ဖူးလို့ပါ။ သူတစ်ပါးရဲ့ ချစ်ခြင်းကို ခွဲခဲ့တဲ့သူ၊ သူတစ်ပါးအိမ်ထောင်

ကို ပြုကွဲစေခဲ့တဲ့သူဟာ အချစ်ရေး၊ အိမ်ထောင်ရေးမှာ ဘယ်လိုနည်းနဲ့မှ အကျိုးပေးမကောင်းနိုင်ပါဘူး။

သမီးရည်းစားချစ်၊ လင်မယားချစ်တွေကို ဖြိုခွဲမှ အချစ်ကံမကောင်းတာ မဟုတ်ပါဘူး။ မေတ္တာချစ်၊ သံယောဇဉ်ချစ်နဲ့ ချစ်ကြသူ မည်သူကိုမဆို တကွဲတပြားစီ ဝေးလွင့်သွားအောင်လုပ်ရင် ဖြစ်လေရာဘဝတိုင်း ကိုယ်ချစ်တဲ့သူတွေနဲ့ 'ဆုံနိုင်ခွင့်' မှေးမှိန်ပျောက်ကွယ်ပြီး 'လွမ်းဆွတ်ခွင့်' 'တမ်းတခွင့်' တွေသာ ရှင်သန်ကြီးထွားလာနိုင်ပါတယ်။

အောက်ထစ်ဆုံး ငှက်ကလေး၊ ငါးကလေးတွေ၊ ကြောင်ကလေး၊ ခွေးကလေးတွေကို သူတို့မိသားစု၊ သူတို့အသိုက်အမြုံကနေ ခွဲခွာနုတ်ယူပြီး မွေးမြူသိမ်းပိုက်ထားခဲ့ရင်တောင် အဲဒီအကုသိုလ်ကံက သူအကျိုးပေးတဲ့ဘဝမှာ ကာယကံရှင်ကို အချစ်ကံခေသူ၊ အလွမ်းကံဝေသူဖြစ်အောင် စွမ်းဆောင်ဖန်တီးနိုင်ပါတယ်။

အချစ်ရေး၊ အိမ်ထောင်ရေးကို အရုပ်ဆိုး အကျည်းတန်စေတဲ့ ကြောက်စရာအကောင်းဆုံးကံကတော့

'ကာမေသုမိစ္ဆာစာရကံ' ပါပဲ။ 'ကာမဂုဏ်ကိစ္စမှာ မှားမှား ယွင်းယွင်း ပြုကျင့်တဲ့ကံ' လို့ အဓိပ္ပာယ်ရပါတယ်။ ကိုယ့်ရဲ့ ကာမပိုင် မဟုတ်သူတွေနဲ့ ကာမကိစ္စ ဖောက်ပြန်ရင် 'ကာ-မေသုမိစ္ဆာစာရကံ' ထိုက်ပါတယ်။ သူတစ်ပါး သားမယားနဲ့ ဖောက်ပြန်ရင်တော့ 'ပရဒါရကံ' ထိုက်တယ်လို့လည်း ခေါ် ပါတယ်။

အတိတ်ဘဝတွေက ကာမကိစ္စ ဖောက်ပြန်ခဲ့တဲ့ သူဟာ ကာမကိစ္စ တစ်စိတ်တစ်ပိုင်းပါဝင်တဲ့ အချစ်ရေး၊ အိမ်ထောင်ရေးတွေမှာ ကံဆိုးတတ်ပါတယ်။ ကိုယ့်ရဲ့ အိမ် ထောင်ဖက်က ကိုယ့်အပေါ် သစ္စာကင်းမဲ့တာဟာ ကိုယ့်ရဲ့ အတိတ်က 'သစ္စာမဲ့ကံ' က ကိုယ့်ကို အကျိုးပေးတာပါပဲ။

ကိုယ့်ရဲ့နှလုံးလမ်းကြောင်းမှာ ခံနေတဲ့ကျွန်းဟာ ကိုယ်ကိုယ်တိုင် ဖွဲ့စည်းတည်ဆောက်ထားခဲ့တဲ့ကျွန်းပါ။ ဘယ်သူမပြု မိမိမှုပေါ့နော်။ 'နှလုံးလမ်းကြောင်းမှာ ကျွန်းခံ နေတယ်' လို့ ဟစ်အော်ကြွေးကြော်နေတာဟာ 'အတိတ် ဘဝတွေက အချစ်ရေး၊ အိမ်ထောင်ရေးတွေမှာ သစ္စာယွင်း ပျက်ခဲ့ပါတယ်၊ ကိုယ်ကျင့်ဖောက်ပြန်ခဲ့ပါတယ်' လို့ ထုတ်

ဖော်ဝန်ခံနေတာပါပဲ။

ကံတရားရဲ့ သဘာဝကို အကြောင်းအကျိုး ဆက်စပ်ပြီး စဉ်းစားဆင်ခြင်နိုင်မယ်ဆိုရင်တော့ ကိုယ့်ခင်ပွန်းရဲ့ သစ္စာမဲ့မှုအပေါ် မမိုးသက်လှိုင်အနေနဲ့ အတိုင်းအတာတစ်ခုအထိ ခွင့်လွှတ်ဖြေသိမ့်နိုင်မယ် ထင်ပါရဲ့။

ဒါပေမဲ့ ခွင့်လွှတ်ဖြေသိမ့်နေရုံနဲ့ မပြီးသေးဘူး မမိုးသက်လှိုင်ရေ . . . .။ ကိုယ်ကြုံတွေ့နေရတဲ့ အဆိုးလောကဓံထဲကနေ အနှစ်သာရ တစ်ခုခုတော့ ထုတ်ယူနိုင်အောင် ကြိုးစားရပါဦးမယ်။ အရှုံးထဲက အမြတ်ထွက်အောင် လုပ်ရပါဦးမယ်။

မြတ်စွာဘုရားရှင် လက်ထက်တုန်းက သာဝတ္ထိမြို့မှာ သိပ်ချောသိပ်လှတဲ့ အမျိုးသမီးတစ်ဦး ရှိခဲ့ဖူးပါတယ်။ အတိတ်ကံအကြောင်းတရားကြောင့် သူမရဲ့ ခင်ပွန်းသည်က သူမကို လုံးဝမချစ်ပါဘူး။ တခြား အမျိုးသမီးတစ်ယောက်နဲ့ မျက်နှာပြောင်တိုက်ပြီး လူမှုရေးဖောက်ပြန်နေပါတယ်။

ကိုယ့်ကို မချစ်လို့၊ ကိုယ့်အပေါ် သစ္စာမဲ့လို့ဆိုပြီး

သူမက စိတ်လည်း မညစ်ပါဘူး။ စိတ်လည်း မဆိုးပါဘူး။ 'လင်က မချစ်တော့ လင်နဲ့ အချိန်ဖြုန်းစရာ မလိုတော့ဘူး ပေါ့' လို့ နှလုံးသွင်းပြီး အချိန်ရှိသမျှ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုတွေကိုပဲ စိတ်အားထည့် ပြုလုပ်နေလိုက် ပါတယ်။

အထူးသဖြင့် အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာ မောဂ္ဂလ္လာန် အဂ္ဂသာဝကမထေရ်ကြီးနှစ်ပါးကို အိမ်မှာ နေ့စဉ် ဆွမ်းပင့်လှူပြီး တရားနာယူပါတယ်။ တရားနာ လိုက်၊ တရားအားထုတ်လိုက်နဲ့ ကြိုးစားလိုက်တာ သိပ် မကြာခင်မှာပဲ သောတာပန် အရိယာမလေး ဖြစ်သွားခဲ့ပါ တယ်။ 'လင်က မပေါင်းချင်မှတော့ အိမ်မှာနေလည်း အပို ပဲ' ဆိုပြီး ရဟန်းပြုလိုက်တာ သိပ်မကြာခင်မှာပဲ ရဟန္တာ အရှင်မလေး ဖြစ်သွားပြန်ပါတယ်။

တကယ်လို့သာ သူမရဲ့ခင်ပွန်းက သူမကို သိပ် ချစ်၊ သိပ်ကြင်နာနေမယ်ဆိုရင် အခုလို တရားအရသာ ခံစားခွင့်ရမှာ မဟုတ်ပါဘူး။ ယောကျ်ားအရသာနဲ့ နိဗ္ဗာန် အရသာ ဘယ်လိုမှ နှိုင်းယှဉ်လို့မရအောင် ကွာခြားလွန်းလှ

ပါတယ်။ နိဗ္ဗာန်အရသာကို အဆင့်အမြင့်ဆုံး ခံစားခွင့်ရနေမှတော့ ယောကျ်ားအရသာ ဆုံးရှုံးခဲ့တာကို နှမြောတမ်းတနေစရာ လိုပါဦးမလား။ တကယ်ဆို ကိုယ့်အပေါ် မကြာင်နာတဲ့ ခင်ပွန်းသည်ကို ကျေးဇူးတင်စရာတောင် ကောင်းပါသေးတယ်။

သူတို့နှစ်ယောက်ပဲ ဘဝတစ်ခုမှာ ဗြဟ္မဒတ်မင်းသားနဲ့ အသိတာဘူမင်းသမီးဆိုပြီး တော်ဝင်ဇနီးမောင်နှံ ဖြစ်ခဲ့ဖူးပါတယ်။ ဖခင်ဘုရင်ကြီးက အာဏာလုမှာ စိုးရိမ်ပြီး တိုင်းပြည်က နှင်ထုတ်လိုက်လို့ သူတို့နှစ်ဦး ဘုရားအလောင်းတော်ရသေ့ သီတင်းသုံးရာ ဟိမဝန္တာတောထဲမှာ နေထိုင်ခဲ့ကြရပါတယ်။

တစ်နေ့တော့ သိပ်ချောသိပ်လှတဲ့ ကိန္နရီမလေး တစ်ဦးကို သစ်ခက်တနန်းအနီးမှာ မမျှော်လင့်ဘဲ မြင်တွေ့လိုက်ရပါတယ်။ ကိန္နရီမလေးကို မြင်မြင်ချင်း ချစ်မိသွားတဲ့ မင်းသားဟာ 'မိဖုရားမြှောက်မယ်' ဆိုတဲ့ အကြံအစည်နဲ့ ကိန္နရီမလေးနောက် တကောက်ကောက် ပြေးလိုက်ပါတော့တယ်။

မင်းသားရဲ့သစ္စာဖောက်မှုကို မြင်ရတဲ့ မင်းသမီး လည်း မင်းသားအပေါ် သံယောဇဉ်ပြတ်ပြီး ဘုရားလောင်း ရသေ့ထံမှာ ကမ္မဋ္ဌာန်း သင်ယူအားထုတ်လိုက်တဲ့အတွက် တစ်ခဏချင်းအတွင်းမှာပဲ စျာန်အဘိညာဉ်တွေ ရရှိသွား ပါတယ်။

တောကျွမ်းတဲ့ ကိန္နရီမလေးနဲ့ ခြေရာပြတ်ပြီး လက်လျှော့ပြန်လာတဲ့ မင်းသားကို ကောင်းကင်ပေါ်ကနေ နှုတ်ဆက်စကားပြောကြားပြီး ဝေးရာကို ပြေးခွာထွက်သွား ပါတော့တယ်။ မင်းသမီးရဲ့ နှုတ်ဆက်စကားက . . . .

'တစ်ချိန်က 'မောင်' လို့ အမြတ်တနိုးခေါ်ခဲ့ရတဲ့ မင်းသားရေ၊ ရှင့်ရဲ့ သစ္စာမဲ့မှုကြောင့် ကျွန်မ စျာန်ချမ်းသာ ရခဲ့ပါပြီ၊ တကယ်တော့ ကျွန်မရဲ့ စျာန်ချမ်းသာဟာ ရှင် ပေးတဲ့ချမ်းသာပါ၊ ဒီအတွက် ရှင့်ကို ကျွန်မ ကျေးဇူးအများ ကြီးတင်ပါတယ်'

'ဒါပေမဲ့ တစ်ချိန်က ရှင့်အပေါ် ထားရှိခဲ့တဲ့ကျွန်မ ရဲ့ အချစ်တွေ၊ ကျွန်မရဲ့သံယောဇဉ်တွေကတော့ ကျွန်မရဲ့ နှလုံးသားကနေ ပြုတ်ကျသွားခဲ့ပါပြီ၊ ကျွန်မရင်ထဲမှာ ရှင်

မရှိတော့ပါဘူး။ လွှနဲ့အဖြတ်ခံရတဲ့ ဆင်စွယ် ပြန်မဆက်နိုင်တော့သလို ရှင်နဲ့ကျွန်မကြားမှာရှိတဲ့ နှောင်ကြိုးတွေကိုလည်း ပြန်ဆက်လို့ မရနိုင်တော့ပါဘူး။ တစ်စစီ ကျိုးပဲ့ကြွေမွခဲ့ပါပြီ။ ဘာပဲဖြစ်ဖြစ် ရှင့်ကို ကျွန်မ နောက်ဆုံးနှုတ်ဆက်ခဲ့ပါတယ်'

အသိတာဘူမင်းသမီးရဲ့ နှုတ်ဆက်စကားကိုကြည့်ရင် သူမရဲ့ ရင်ထဲမှာ သောကဆူးငြောင့် မကျန်ရစ်ခဲ့ဘူး၊ သူမရဲ့ စိတ်အစဉ်ဟာ ပူလောင်ခြင်းမရှိ ပကတိအေးချမ်းနေတယ်ဆိုတာ ထင်ရှားပါတယ်။ သာသနာပကာလမှာသာ ဈာန်ချမ်းသာနဲ့ပဲ ငြိမ်းအေးမှုရယူခဲ့ရတာပါ။

ဒီလောက်ဆိုရင် မမိုးသက်လှိုင်အနေနဲ့ ဘာလုပ်သင့်တယ်ဆိုတာ သိလောက်ပါပြီနော်။ ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲကလို 'နောက်ဆုံးထွက်သက်အထိ ရူးသွပ်စွာ ချစ်နေမှာပါမောင်' လို့လည်း စိတ်ကူးမယဉ်ပါနဲ့၊ သီချင်းတွေထဲကလို 'ရက်စက်တတ်တဲ့မင်းရဲ့အနားမှာ ရက်စက်မှုတွေခံယူချင်တယ်' လို့လည်း တမ်းတမနေပါနဲ့။ လက်တွေ့ဘဝမှာ စိတ်ချမ်းသာဖို့နဲ့ ဖြစ်နိုင်ရင် ဘဝလွတ်မြောက်မှုရဖို့

အတွက်သာ အတတ်နိုင်ဆုံး ကြိုးစားပါ။

ရှေးသူတော်ကောင်းတွေထုံး နှလုံးမူပြီး တရားနဲ့ မွေ့ပျော်ပါ။ တရားများများနာ၊ တရားစာအုပ်များများ ဖတ်၊ ကုသိုလ်ကောင်းမှုများများပြု၊ တရားများများ အားထုတ်ပေါ့။ နှာသီးဝ လေထိရာအရပ် သတိကပ်ပြီး လေဝင်ရင် 'ဝင်တယ်'၊ လေထွက်ရင် 'ထွက်တယ်' လို့ ရှုမှတ်ရတဲ့ အလုပ်ကတော့ သီးခြားထိုင်ရင်းနဲ့ရော၊ သွားရင်းလာရင်းရော လုပ်လို့ လွယ်ကူပါတယ်။ စွဲစွဲမြဲမြဲလုပ်ကြည့်ရင် စိတ်တွေ အထူးအေးချမ်းလာမှာပါ။

သောကမှန်သမျှ ချစ်ခြင်းကြောင့် ဖြစ်ရတာပါ၊ ချစ်စရာတစ်ခုရှိရင် သောကတစ်ခုရှိမယ်၊ ချစ်စရာ ဆယ်ခုရှိရင် သောကဆယ်ခုရှိမယ်၊ ချစ်စရာ အများကြီးရှိရင်တော့ သောက အများကြီးရှိမယ်ပေါ့။ သောကငြိမ်းချင်ရင် ချစ်စရာတွေကို လျှော့ပစ်နိုင်ရမယ်လေ။ ချစ်ရမယ့်သူ၊ ချစ်ရမယ့်အရာ နည်းပါးသွားလေ၊ သောကမီးလည်း ချုပ်ငြိမ်းသွားလေပါပဲ။

ချစ်ရသူရဲ့ စိမ်းကားရက်စက်မှု၊ မြတ်နိုးရသူရဲ့

သစ္စာကင်းမဲ့မှုဟာ စိတ်ထားတတ်သူအတွက်တော့ တန်ဖိုးမဖြတ်နိုင်တဲ့ ဘဝလွှတ်မြောက်မှု ဆုလာဘ်ကြီးပါပဲ။ အသုံးချတတ်သူ တစ်ယောက်အတွက် အချစ်ကံခေတာဟာ အနှစ်ကျန်စေဖို့ပါပဲ .... လို့ ....။

■ **အပ္ပမာဒေန သမ္ပာဒေထ။**

[အင်တာဗျူးဂျာနယ်၊ ဇွန်၊ ၂၇၊ ၂၀၀၁]



ဓမ္မဒါန ကုသိုလ်ရှင်